
Panasonic

# အသုံးပြုပုံလမ်းညွှန်

## (အိမ်သုံး) မျက်နှာပြင်မွေးရိတ်စက်

Model No. ES-WF61



Panasonic®

# အသုံးပြုပုံလမ်းညွှန်
## (အိမ်သုံး) မျက်နှာပြင်မွှေးရိတ်စက်
Model No. ES-WF61

## အကြောင်းအရာ


| | |
|---|---|
| **ဘေးကင်းမှုသတိပေးချက်** | **4** |
| အသုံးပြုရာတွင် သတိပြုရန်အချက်များ | 7 |
| အစိတ်အပိုင်းများအကြောင်းရှင်းလင်းခြင်း | 8 |
| ဘက်ထရီတပ်ဆင်ခြင်းနှင့်၎င်း၏သက်တမ်း | 9 |
| အသုံးမပြုမီ | 10 |
| အသုံးပြုပုံ | 10 |
| ဘလိတ်ဓားတပ်ဆင်ပုံနှင့်ဖယ်ရှားပုံ | 14 |
| သန့်ရှင်းရေးလုပ်ပုံ | 15 |
| တစ်စုံတစ်ရာချို့ယွင်းမှုဖြစ်ပေါ်ခြင်း | 16 |
| ခွဲခြားဖော်ပြခြင်း | 16 |


Panasonic စက်ပစ္စည်းအား ဝယ်ယူအသုံးပြုသည့်အတွက် ကျေးဇူးတင်ပါသည်။

**ဤစက်ပစ္စည်းအားအသုံးမပြုမီ အသုံးပြုပုံလမ်းညွှန်အား ဖတ်ရှုပြီး လမ်းညွှန်မှုအတိုင်း အသုံးပြုပါ။**

# ဘေးကင်းမှုအတွက် ကြိုတင်သတိပြုရန်

လျှပ်စစ်မီးရှော့ခ်ဖြစ်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ မီးလောင်ခြင်း၊ အသက်အန္တရာယ်ဖြစ်ခြင်းနှင့် အိမ်ရာအဆောက်အဦပျက်စီးခြင်းတို့မှ ကာကွယ်နိုင်ရန် အောက်ပါ သတိပေးချက်များကို အမြဲလိုက်နာဆောင်ရွက်ပါ။

## သင်္ကေတများ၏အဓိပ္ပါယ်

အောက်ပါသင်္ကေတများသည် စက်ပစ္စည်းအညွှန်းအတိုင်းမဟုတ်ဘဲ လွဲမှားစွာ အသုံးပြုခြင်းကြောင့် ဘေးအန္တရာယ်ဖြစ်ပေါ်ခြင်း၊ ထိခိုက်ဒဏ်ရာရနိုင်ခြင်းနှင့် အဆောက်အဦပျက်စီးနိုင်ခြင်း အဆင့်ဆင့်တို့ကို ခွဲခြားဖော်ပြပေးထားပါသည်။

| | |
|---|---|
| ⚠ **WARNING** | ပြင်းထန်စွာဒဏ်ရာရခြင်း သို့မဟုတ် သေဆုံးခြင်းကိုဖြစ်စေနိုင်သော ဘေးအန္တရာယ်ကို သတိပေးသည်။ |
| ⚠ **CAUTION** | ဒဏ်ရာအသေးအမွှားရခြင်း သို့မဟုတ် အရာဝတ္ထုပျက်စီးခြင်းကိုဖြစ်ပေါ်စေနိုင်သော အန္တရာယ်ကို သတိပေးသည်။ |

အောက်ပါသင်္ကေတများသည် လိုက်နာရမည့်ညွှန်ကြားချက်များကို ခွဲခြားဖော်ပြပေးသည်။

| | |
|---|---|
| ⃠ | ဤသင်္ကေတသည် လုပ်ဆောင်မှုတစ်ခုခုကို ပြုလုပ်ရန် တားမြစ်ကြောင်း ဖော်ပြပါသည်။ |
| ❗ | ဤသင်္ကေတသည် လုပ်ဆောင်မှုတစ်ခုခုကို ဘေးကင်းစွာပြုလုပ်နိုင်ရန် အချက်ပြပေးသည်။ |

## ⚠ WARNING

▶ ဤစက်ကိရိယာကို

⃠ ကလေးသူငယ်များကိုင်တွယ်ထိနိုင်သောနေရာများတွင်မထားပါနှင့်။
ကလေးသူငယ်များ ကိုင်တွယ်ဆော့ကစားခြင်း မပြုလုပ်မိပါစေနှင့်။
– ထိုသို့ပြုမိခြင်းသည် ထိခိုက်ဒဏ်ရာရခြင်းနှင့် စက်ပစ္စည်းအစိတ်အပိုင်းအသေးအမွှားများ ပါးစပ်တွင်း မတော်တဆဝင်ရောက်ခြင်းကို ဖြစ်ပေါ် စေနိုင်ပါသည်။

# ⚠ WARNING

စက်လည်ပတ်မှုပုံမှန်မဖြစ်ခြင်း သို့မဟုတ် ချို့ယွင်းမှုဖြစ်ခြင်းတို့ရှိဖြစ်ပေါ်ခဲ့လျှင် အသုံးပြုခြင်းမှ ချက်ချင်းရပ်တန့်ပါ။

- ထိုသို့မဟုတ်ပါက မီးလောင်ခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရခြင်းတို့ကို ဖြစ်ပေါ်စေနိုင်ပါသည်။

---

ဤစက်ပစ္စည်းအား (ကလေးများအပါအဝင်) ခန္ဓာကိုယ်ချို့တဲ့သူများ၊ အာရုံကြော အားနည်းသူများ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာချို့ယွင်းချက်ရှိသူများ သို့မဟုတ် အသုံးပြုရန်ကြိုတင်ညွှန်ကြားပြသပေးခြင်း မပြုလုပ်ထားသူများ အသုံးပြုရန်အတွက် ရည်ရွယ်ခြင်းမဟုတ်ပါ။
ကလေးငယ်များ စက်ပစ္စည်းကို ဆော့ကစားခြင်းမပြုလုပ်ရန် စောင့်ကြည့်ကြပ်မတ်ရပါမည်။

- ထိုသို့မဟုတ်ပါ မတော်တဆဖြစ်မှု သို့မဟုတ် ထိခိုက်ဒဏ်ရာရမှုဖြစ်စေနိုင်ပါသည်။

---

# ⚠ CAUTION

▶ အရေပြားကိုကာကွယ်ရန်

အောက်ပါအခြေအနေများတွင် အသုံးမပြုပါနှင့်။

- အားနည်းသူများ သို့မဟုတ် အရေးပြားထိခိုက်လွယ်သူများ
- အရေပြားယားယံလွယ်သူများ

အောက်ပါနေရာများတွင် မည်သည့်အခါမျှ အသုံးမပြုပါနှင့်။

- အဖုအပိမ့်များ သို့မဟုတ် ဝက်ခြံများရှိသည့်နေရာ။
- ထိုနေရာများတွင် အသုံးပြုမိပါက အရေပြားကို ထိခိုက်စေနိုင်ပါသည်။

---

ဘက်ထရီအဖုံးအား ဖွင့်ရန်ခက်ခဲနေပါက အားထည့်ပြီးမဖွင့်ပါနှင့်။

- ထိုသို့ပြုလုပ်ခြင်းဖြင့် အကာအကွယ်ပေးထားသောအစွပ်သည် ကျွတ်ထွက်သွားပြီး သင်၏လက်အား ဘလိတ်ဓားရှစေနိုင်ပါသည်။

---

စက်ပစ္စည်းအား အရေပြားနှင့်တွန်းကန်အားထည့်ပြီး မဖိပါနှင့်။ တစ်နေရာတည်းတွင် ကြိမ်ဖန်များစွာ ထပ်ပြီးရိတ်ခြင်းတို့အား ရှောင်ကျဉ်ပါ။
အသုံးပြုနေစဉ်အတွင်း စက်ပစ္စည်းအား ပုတ်ခတ်ခြင်း မလုပ်ပါနှင့်။

- ထိုသို့ပြုလုပ်ခြင်းဖြင့် အရေပြား နာကျင်ခြင်း၊ ရောင်ရမ်းခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရခြင်းတို့ ဖြစ်စေနိုင်ပါသည်။

---

# ⚠ CAUTION

**ဘလိတ်ဓားကို အားနှင့်မဖိပါနှင့်။ အသုံးပြုနေစဉ် ဘလိတ်ဓားကို လက်ချောင်းများ သို့မဟုတ် လက်သည်းခွံများနှင့် တိုက်ရိုက်မထိမိပါစေနှင့်။**

- ထိုသို့ပြုမိပါက အရေးပြားထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် ဘလိတ်ဓားအသုံးပြုနိုင်မှုသက်တမ်းကို လျော့နည်းစေပါသည်။

---

**အသုံးမပြုမီ ဘလိတ်ဓားပျက်စီးခြင်း ကျိုးပဲ့ခြင်းရှိမရှိစစ်ဆေးပါ။**

- ထိုသို့မဟုတ်ပါက အရေးပြားထိခိုက်ဒဏ်ရာရမှုကို ဖြစ်စေနိုင်ပါသည်။

---

**အကာအကွယ်ပေးသောအဖုံးကို ဖယ်ရှားသောအခါ အလယ်ဗဟိုမှ ကိုင်တွယ်ပြီး အပြင်ဘက်သို့ဆွဲထုတ်ပါ။**

- ထိုသို့မဟုတ်ပါက ဘလိတ်ဓားသည် လက်ကိုရှစေနိုင်ပါသည်။

---

**မျက်နှာနှင့်လည်ပင်းပေါ်တွင်သာ အသုံးပြုပါ။**

- ထိုသို့မဟုတ်ပါက ထိခိုက်ဒဏ်ရာရမှုကို ဖြစ်စေနိုင်ပါသည်။

---

**အသုံးပြုပြီးချိန်တွင် အရေးပြားပေါ်တွင် တစ်စုံတစ်ခုဖြစ်ပေါ်ခံစားနေရပါက ဆက်လက်အသုံးမပြုဘဲ အရေးပြားဆရာဝန်နှင့်ပြသပါ။**

- ထိုသို့မဟုတ်ပါက ရောဂါလက္ခဏာပိုမိုဆိုးရွားလာနိုင်ပါသည်။

---

**စက်ပစ္စည်းအားသယ်ဆောင်သွားချိန်နှင့် သိမ်းဆည်းထားချိန်များတွင် အကာအကွယ်အဖုံးအား တပ်ဆင်ထားရန် သတိပြုပါ။**

- ထိုသို့ပြုမိပါက အရေးပြားထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် ဘလိတ်ဓားအသုံးပြုနိုင်မှုသက်တမ်းကို လျော့နည်းစေပါသည်။

---

**► ဤစက်ပစ္စည်းအားအသုံးပြုရာတွင်**

**မိသားစုဝင်များ သို့မဟုတ် အခြားသူများနှင့်ဝေမျှသုံးဆွဲခြင်း မပြုလုပ်ပါနှင့်။**

- ထိုသို့ပြုမိခြင်းသည် အရေပြားရောဂါကူးစက်နိုင်ခြင်းသို့မဟုတ် ရောင်ယမ်းခြင်းတို့ဖြစ်စေနိုင်ပါသည်။

---

**အောက်ပြုတ်မကျစေပါနှင့် သို့မဟုတ် လျှပ်စစ်ရှော့ဖြစ်သောနေရာတွင် မထားပါနှင့်။**

- ထိုသို့ပြုမိခြင်းသည် ထိခိုက်ဒဏ်ရာရမှုကို ဖြစ်စေနိုင်ပါသည်။

---

**မိမိကိုယ်တိုင် မွမ်းမံခြင်း၊ ဖြုတ်တပ်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းများ မပြုလုပ်ပါနှင့်။**

- ထိုသို့ပြုမိခြင်းသည် မတော်တဆဖြစ်ခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရခြင်းတို့ကို ဖြစ်စေနိုင်ပါသည်။ ပြုပြင်ရန်အတွက် တရားဝင်ဝန်ဆောင်မှုစင်တာသို့ ဆက်သွယ်စုံစမ်းပါ။

---

# ⚠ CAUTION

▶ ဘက်ထရီ

ဘက်ထရီအား မီးထဲသို့မပစ်ပါနှင့်။
မီးအားထွက်သောနေရာများ ပျက်စီးခြင်းမရှိစေရပါ။
- ထိုသို့ပြုမိပါက မီးလောင်ခြင်းသို့မဟုတ် ဒဏ်ရာရခြင်းဖြစ်စေနိုင်ပါသည်။

---

ဘက်ထရီပေါ်တွင်ရိုက်နှိပ်ထားသောလမ်းညွှန်ချက်များအတိုင်း အမြဲလိုက်နာပါ။
⊕⊖ လက္ခဏာများကို မှန်ကန်စွာ တပ်ဆင်ပါ။ ဘက်ထရီအားကုန်သွားပါက ချက်ချင်း ဖြုတ်ပြီး စွန့်ပစ်ပါ။
စက်ပစ္စည်းအား အချိန်အတော်ကြာအသုံးမပြုပါက ဘက်ထရီကို ဖြုတ်ထားရပါမည်။
ဘက်ထရီကို အသုံးပြုရန် သတ်မှတ်ထားသောရက်အတွင်း အသုံးပြုရပါမည်။
ပြန်လည်အားသွင်းမရသော ဘက်ထရီများကို ပြန်လည်အားသွင်းခြင်းမပြုလုပ်ပါနှင့်။
- ထိုသို့မဟုတ်ပါက ဘက်ထရီအပူလွန်ကဲခြင်း သို့မဟုတ် ပေါက်ကွဲခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် ယိုစိမ့်မှုကြောင့် ဝန်းကျင်ပြန့်နှံ့ခြင်းတို့ ဖြစ်ပေါ်စေနိုင်ပါသည်။

---

▶ အောက်ပါကြိုတင်သတိပေးချက်များကို မှတ်သားလိုက်နာပါ။

မျက်ခုံးပုံသွင်းရန် မျက်ခုံးပုံဖော်ခွက်ကို သို့မဟုတ် မျက်ခုံးရိတ်ဘီးကို အသုံးပြုပါ။
- ထိုသို့မဟုတ်ပါက မျက်ခုံးသားကို ရှမိစေနိုင်ပါသည်။

---




ဘယ်ဘက်ခြမ်းတွင်ရှိသော အမှတ်အသား၏ အဓိပ္ပါယ်မှာ
စက်ပစ္စည်းအား ရေဖြင့်မဆေးကြောပါနှင့်။

## အသုံးပြုရာတွင် သတိပြုရမည့်အချက်များ

- ရေစိုနေပါက လုံးဝအသုံးမပြုပါနှင့်။
- ခြောက်သွေ့အောင်ထားပါ။

- ထိုသို့မဟုတ်ပါက စက်ချို့ယွင်းစေနိုင်ပါသည်။

# အစိတ်အပိုင်းများအကြောင်းရှင်းလင်းခြင်း




A ကိုယ်ထည်

(၁) ဘလိတ်ဓား

(၂) ပါဝါခလုတ် (0/1)

(၃) ဘက်ထရီအဖုံး

(၄) မျက်ခုံး/မှတ်ဆိတ်ရိတ်ဓား

(၅) ဘလိတ်ဓားအိမ်

B မျက်ခုံးပုံသွင်းခွက်

C မျက်ခုံးရိတ်ဘီး

D အကာအကွယ်ပေးသောအဖုံး

အပိုပစ္စည်း

E သန့်ရှင်းရေးလုပ်သောဘရပ်ရှ်

ဓာတ်ခဲခြောက်မပါဝင်သောကြောင့်
သီးခြားဝယ်ယူတပ်ဆင်ပါ။


# ဘက်ထရီတပ်ဆင်ခြင်းနှင့်၎င်း၏သက်တမ်း


**ဘက်ထရီတပ်ဆင်သောအခါ အဖုံးစွပ်အား သေချာတပ်ဆင်ရမည်။**

၁။ ဘက်ထရီအဖုံးကိုဖွင့်ပါ။

၂။ ⊕ နှင့် ⊖ လက္ခဏာကို သေချာကြည့်၍ တပ်ဆင်ပါ။
(ဘက်ထရီဖြုတ်ရန် ⊕ လက္ခဏာဘက်မှ မ၍ ဖြုတ်ပါ။)

၃။ ကလစ် ဟု အသံမမြည်မချင်း ဘက်ထရီအဖုံးကို တပ်ဆင်လိုက်ပါ။




## ဘက်ထရီသက်တမ်း

Panasonic LR03 (AAA alkaline battery) ဖြစ်ပါက တစ်လခန့်အသုံးပြုနိုင်ပါသည်။
(အပူချိန် ၂၀ ဒီဂရီဆဲလ်စီးယက်ရှိသောအခန်းတွင် ၅ မိနစ်ခန့်တစ်ပတ်လျှင် ၂ ကြိမ် အသုံးပြုပါက)
LR03 (AAA alkaline ဘက်ထရီ) ကိုသာအသုံးပြုပါ။
(အခြားဘက်ထရီအသုံးပြုပါက ဓာတ်အားနှင့် အသုံးပြုခြင်းအကြိမ်အရေအတွက် ပြောင်းလဲနိုင်ပါသည်။)

# အသုံးမပြုမီ

- ပထမဆုံးအကြိမ်အသုံးပြုမည်ဖြစ်ပါက အရေပြားပေါ်အသာအယာဖိရင်း ဖြည်းညင်းစွာ ရွှေ့လျားပါ။

## ပြင်ဆင်ခြင်း

**အရေပြားပေါ်ရှိရေစက်များ၊ ချွေးစက်များကို သုတ်လိုက်ပါ။**


- အသုံးပြုနေစဉ်အတွင်း အရေပြားကိုခြောက်သွေ့သန့်စင်အောင်ထားပါ။အသားအရေပေါ်တွင် လိမ်းဆေးဆီ၊ နို့လိမ်ဆေးရည်၊ ဖောင်ဒေးရှင်း သို့မဟုတ် ချွေးတိတ်ဆေးရည် လိမ်းထားပါက အသုံးမပြုပါနှင့်။

## စစ်ဆေးပါ


ဤကိရိယာကို မျက်နှာနှင့်လည်ပင်းအတွက်သာ အသုံးပြုရန်ဖန်တီးထားပါသည်။

# အသုံးပြုပုံ

## မွှေးနုများကို ပုံသွင်းပုံ



၁။ အကာအကွယ်အဖုံးအား အလယ်ဗဟိုမှကိုင်တွင်ပြီး ဆွဲထုတ်ပါ။





၂။ ပါဝါခလုတ်ကိုဖွင့်ပါ၊ စတင်ရိတ်ပါ။

## ပုံသွင်းပုံ

အရေပြားပေါ်တွင် ဘလိတ်ဓားကို တစ်ပြေးညီကပ်ထားပါ။
မြှားပြထားသည့်အတိုင်း အမွေးနုလမ်းကြောင်းကိုဆန့်ကျင်ပြီး ဖြည်းညင်းစွာ ရိတ်ပါ။


- နဖူး (ပုံ – ၁)
  ဆံသားအဆုံးမှ စတင်ပြီး နဖူးအလယ်သို့ဆွဲပါ။ ထို့နောက် ဆံသားအဆုံးသို့ပြန်လည်ဆွဲပါ။
- ပါးပြင် (ပုံ – ၂)
  မျက်နှာပြင်အလယ်မှ အပြင်ဘက်သို့ဆွဲပါ။
- နှာခေါင်းအောက် (ပုံ – ၃)
  ပုံမသွင်းမီ နှုတ်ခမ်းများကို စေ့လိုက်ပါ။
- နားသယ် (ပုံ – ၄)
  နားသယ်အတိုအရှည်ချိန်ဆပြီး အောက်ခြေသို့ဆွဲပါ။
- မျက်လုံးအောက်ခြေ (ပုံ – ၅)
  မျက်လုံးအောက်ခြေနားအရေပြားကို လက်ချောင်းဖြင့်အသာအယာဖိပြီး အလယ်ဗဟိုမှ အောက်ဘက်သို့ဆွဲချပါ။
- လည်ပင်း (ပုံ – ၆)
  အပေါ်ဘက်သို့ပင့်တင်ပါ။




## မျက်ခုံးမွေးရိတ်ပုံ

(မျက်ခုံးပုံသွင်းခြင်း)

**၁။ မျက်ခုံးရိတ်အိမ်ကိုတပ်ဆင်ပါ။**



- အလွန်အကျွံတုန်ခါမှုလျှော့ချရန် ရိတ်စက်ခေါင်းအား လက်ချောင်းဖြင့်ဖိထားပါ။
- ကလစ်ဟုအသံမြည်သည်အထိ မျက်ခုံးရိတ်အိမ်ကို ဘလိတ်ဓားသို့တပ်ဆင်ပါ။ (တပ်ဆင်ရန် – ဘလိတ်အသွားဖြင့်ချိန်ညှိပါ။)




အလယ်ဗဟိုပိုင်းကိုကိုင်တွယ်ပါ။


**၂။ ပါဝါခလုတ်ကိုဖွင့်ပါ။ စတင်ရိတ်ပါ။**

မြားပြထားသည့်အတိုင်း ဖြည်းညင်းစွာရွေ့လျားပါ။


- မျက်ခုံးအပေါ်ပိုင်းတွင် ၂ မီလီမီတာ မှ ၃ မီလီမီတာအထိ ချန်ထားပါ။



- မျက်ခုံးအောက်ခြေကိုရိတ်ရာတွင် မျက်ခွံကို အသာအယာဖိထားပြီး ရိတ်နေစဉ် အရေပြားကို ဆန့်ထားပါ။




- မျက်ခုံးကြားရိတ်ရာတွင် မြားပြထားသည့် လမ်းကြောင်းအတိုင်းရိတ်ပါ။
- မရိတ်မီ မျက်ခုံးမွေးဆွဲထားပါက ပိုမိုလွယ်ကူစွာ ရိတ်နိုင်ပါသည်။




(မျက်ခုံးပုံသွင်းခြင်း)

၁။ မျက်ခုံးမွှေးဘီးအားတပ်ဆင်ပါ။




- အလွန်အကျွံတုန်ခါမှုလျှော့ချရန် ရိတ်စက်ခေါင်းအား လက်ချောင်းဖြင့်ဖိထားပါ။
- ပုံသွင်းမည့် အရှည်ကိုရွေးချယ်ပါ။ (ⓐ) စည်းအတိုင်းချိန်ညှိပါ။ (ⓑ) ကလစ်ဟုအသံမြည်သည်အထိ ဘီးကို ဘလိတ်ဓားဆီသို့ တိုက်ရိုက်တပ်ဆင်ပါ။




| ပုံသွင်းမည့်အရှည်ကို မျက်ခုံးရိတ်ဘီးတပ်ဆင်ထားသည့်အတိုင်းရွေးချယ်ပါ | | | |
|---|---|---|---|
| မျက်ခုံးမွှေးဘီးတွင် ဖော်ပြထားခြင်း | 6 | 4 | 2 |
| ပုံသွင်းအရှည် | ၆ မီလီမီတာခန့် | ၄ မီလီမီတာခန့် | ၂ မီလီမီတာခန့် |


၂။ ပါဝါခလုတ်ကိုဖွင့်ပါ၊ စတင်ရိတ်ပါ။




- ပုံသွင်းရန် အရေပြားနားအထိကပ်လျက် ဘီးကိုဖိလိုက်ပါ။
- မိမိမျက်ခုံးမွှေးနှင့်အညီလိုက်၍ ဘီးကိုထားပါ။ မျက်ခုံးအမြီးမှ အစသို့ရွှေ့လျားပါ။
- မိမိလိုချင်သောအလျား မရောက်မချင်း ဆက်လက်ရိတ်သွားပါ။




\- တစ်ဦးချင်းစီအပေါ်တွင်မူတည်ပြီး မျက်ခုံးအဖျားလေးများ အထက်သို့ကော့နေတတ်ပါသည်။ ဤသို့ဖြစ်ပါက အမွှေး၏လားရာနှင့်ဆန့်ကျင်ပြီး နဖူးမှနာခေါင်းဘက်သို့ ရွှေ့လျားရန် အကြံပြုပါသည်။




# ဘလိတ်ဓားတပ်ဆင်ခြင်း/ဖြုတ်ခြင်း

ဘလိတ်ဓားတပ်ဆင်ခြင်း၊ ဖြုတ်ခြင်း မပြုလုပ်မီ ပါဝါခလုတ်ပိတ်ထားရန်စစ်ဆေးပါ။


## ■ ဖြုတ်ပုံ



၁။ အလွန်အကျွံတုန်ခါမှုလျှော့ချရန် ရိတ်စက်ခေါင်းအား လက်ချောင်းဖြင့်ဖိထားပါ။




၂။ မြှားပြထားသည့်အတိုင်း ဘလိတ်ဓားအိမ်ကိုပိတ်လိုက်ပါ။
- လက်သည်းဖြင့်ရွှေ့ပိတ်လျှင်လွယ်ကူပါသည်။




၃။ မြှားပြထားသည့်အတိုင်း ဘလိတ်ဓားကိုဖယ်ရှားပါ။
- အောက်ဘက်သို့ရွှေ့လျှားထားစဉ် ဘလိတ်ဓားကို ဖယ်ရှားပါ။


## ■ ဖြုတ်ပုံ



၁။ အလွန်အကျွံတုန်ခါမှုလျှော့ချရန် ရိတ်စက်ခေါင်းအား လက်ချောင်းဖြင့်ဖိထားပါ။



၂။ ကိုယ်ထည်ထိပ်ပိုင်းရှိ ချိတ်သေးသေးလေးအား ဘလိတ်ဓား အပေါက်အတွင်းသို့ထည့်သွင်းပါ။




၃။ မြှားပြထားသည့်အတိုင်း ဘလိတ်ဓားအိမ်ကို ဘေးသို့ဖယ်ရှားပါ။
- လက်သည်းဖြင့်ရွှေ့ပိတ်လျှင်လွယ်ကူပါသည်။

# သန့်ရှင်းရေးလုပ်ပုံ


သန့်ရှင်းရေးမလုပ်မီ ပါဝါခလုတ်ပိတ်ထားပါ။

**၁။ ဘလိတ်ဓားကိုဖယ်ရှားပြီး ဘရပ်ရှ်ဖြင့်သန့်ရှင်းရေးလုပ်ပါ။**

- ဘလိတ်ဓားကိုတစ်စစီမဖြုတ်ပါနှင့်။



**၂။ ရိတ်စက်အတွင်း ဆံသားစများကပ်နေပါက အဝတ်စအခြောက်ဖြင့်သန့်စင်ပါ။**



**၃။ ဘလိတ်ကိုပြန်လည်တပ်ဆင်ပါ။**

**▶ မှတ်သားရန်**

- ဤစက်ကို ရေဖြင့်ဆေးကြော၍မရပါ။
- အကယ်၍မိတ်ကပ်ရှိသောမျက်နှာပြင်တွင် အသုံးပြုပါက အကြွင်းအကျန်များမရှိစေရန် သေချာသန့်စင်ပေးပါ။
  မသုတ်မီ ပျော့ပြောင်းသောအဝတ်စကို ရေထဲနှစ်၍ ဆပ်ပြာခဲဖြင့် ဆေးကြောကာ အရည်ညှစ်လိုက်ပါ။
- အဓိကကိုယ်ထည်ကို အရက်ပြန်၊ လက်သည်းနီဖျက်ဆေး သို့မဟုတ် အဝတ်လျှော်ဆပ်ပြာ (လက်ဆေးဆပ်ပြာ) ဖြင့်မဆေးကြောပါနှင့်။
  (ထိုသို့ပြုလုပ်မိပါက အစိတ်အပိုင်းများအရောင်လျော့ခြင်း၊ ကွဲအက်ခြင်း သို့မဟုတ် ချို့ယွင်းခြင်းတို့ ဖြစ်ပေါ်စေနိုင်ပါသည်။)
- သန့်စင်ပြီးနောက် အကာအကွယ်အဖုံးကို ပြန်လည်တပ်ဆင်ရန် မမေ့ပါနှင့်။

## တစ်စုံတစ်ရာချို့ယွင်းမှုဖြစ်ပေါ်ခြင်း

| ချို့ယွင်းချက် | | လုပ်ဆောင်ချက် |
|---|---|---|
| ရိတ်စက်သည် ယခင်ကဲ့သို့ ကောင်းစွာ မဖြတ်တောက်နိုင်ခြင်း | ► | ဘလိတ်ဓားကိုအစားထိုးပါ။<br>အစားထိုးရန်လမ်းညွှန်ချက်များ –<br>ခန့်မှန်းခြေ ၁ နှစ်ခွဲ (ဆံသားအခြေအနေနှင့် အသုံးပြုသည့်အကြိမ်အရေအတွက်ပေါ်မူတည်ပြီး ပြောင်းလဲ နိုင်ပါသည်) |
| | ► | ဘက်ထရီအသစ်ဖြင့်အစားထိုးပါ။ |
| | ► | ဆံသားအမှုန်အစများကို သန့်ရှင်းပါ။ |
| ရိတ်စက်အလုပ်မလုပ်ခြင်း | ► | ဆံသားအမှုန်အစများကို သန့်ရှင်းပါ။ |
| | ► | ဘက်ထရီ နေရာတစ်ကျတပ်ဆင်ခြင်းရှိမရှိ စစ်ဆေးပါ။ |

ချို့ယွင်းမှုဆက်လက်ဖြစ်ပေါ်နေပါက ပြုပြင်ရန် ဝယ်ယူခဲ့သောဆိုင် သို့မဟုတ် Panasonic ၏ တရားဝန်ကိုယ်စားလှယ်အား ဆက်သွယ်အကြောင်းကြားပါ။

## ခွဲခြားဖော်ပြခြင်း

| | |
|---|---|
| မော်ဒယ်နံပါတ် | ES-WF61 |
| ပါဝါ | LR03 (AAA alkaline ဘက်ထရီ)<br>(သီးသန့်ဝယ်ယူရန်) |

ဤစက်ပစ္စည်းသည် အိမ်တွင်းသုံးအတွက်သာ ရည်ရွယ်ပါသည်။